IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၆ – ဩဂုတ်လ ၂၀၁၂

ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများဆိုင်ရာ နောက်ဆုံးထုတ်ပြန်ချက်များနှင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ အပါအဝင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းတိုးခြင်း၊ ကျန်းမာရေးစစ်ဆေးမှု ခံယူခြင်းနှင့် အာမခံထားရှိခြင်း၊ အလုပ်သမားများ နစ်နာကြေးကိစ္စရပ်များနှင့် ငါးဖမ်းလုပ်ငန်းအတွင်း လူကုန်ကူးမှုတားဆီးရေး စသော အကြောင်းအရာများကို အသေးစိတ်ဖော်ပြထားပါသည်။

အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work permit) သက်တမ်းတိုးခြင်း

- အလုပ်သမားဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ ထုတ်ပြန်ချက်တွင် ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့၏ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းတိုးရန် အချိန်ကာလကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ခွင့်ပြုပေးထားပြီး နိုင်ငံသားစိစစ်အတည်ပြုခြင်း (နိုင်/စစ်) လုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့အပြီး ဆောင်ရွက်ထားကြရန် ကြေငြာထားသည်။

ကျန်းမာရေးစစ်ဆေးမှုနှင့် အာမခံထားရှိခြင်း

- ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးရုံးခွဲများအားလုံးသို့ ထုတ်ပြန်ကြေငြာချက်တွင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် ကျန်းမာရေးအာမခံထားရှိမှုတို့ကို **၂၀၁၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှ စက်တင်ဘာလ ၁၀ ရက်နေ့အတွင်း** အပြီးဆောင်ရွက်ထားရန် ဖော်ပြထားသည်။

- ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရန်လိုအပ်သော ရွှေ့ပြောင်းအလုပ်သမားများသည် ကြေငြာချက်ထုတ်ပြန်သည့်နေ့မှ ၄ လ အတွင်း ဆေးစစ်မှုအောင်မြင်ကြောင်းလက်မှတ် သက်တမ်းကုန်ဆုံးမည့်သူများ ဖြစ်သည်။ ထို့ကြောင့် –

    - ၂၀၁၁ ခုနှစ်အတွင်း မှတ်ပုံတင်ထားပြီး ၂၀၁၁ ခုနှစ် အတွင်း၌ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပြီးသော ရွှေ့ပြောင်းအလုပ်သမားများသည် ဆေးစစ်မှုအသစ် ထပ်မံပြုလုပ်ရန် လိုအပ်သည်။

    - မကြာခင်က အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းတိုးထားပြီး ၂၀၁၂ ခုနှစ် အစောပိုင်းတွင် ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပြီးသူများသည် ဆေးစစ်မှုထပ်မံပြုလုပ်ရန် မလိုအပ်ပါ။ သို့ရာတွင် ၎င်းတို့အနေဖြင့် ဆေးစစ်မှုအောင်မြင်ကြောင်းလက်မှတ် မိတ္တူတစ်စုံကို ဘန်ကောက် (သို့) ပြည်နယ်အလုပ်သမားရေးရာရုံးခွဲများသို့ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားရန် ပေးပို့ရမည် ဖြစ်သည်။

- နိုင်/စစ်လုပ်ငန်းစဉ် ပြုလုပ်ရန်စောင့်ဆိုင်းနေကြသော ရွှေ့ပြောင်းလုပ်သားအားလုံးသည် ကျန်းမာရေးအာမခံထားရှိကြရမည် ဖြစ်သည်။ လူတစ်ဦးအတွက် ဆေးစစ်မှုပြုလုပ်ရန် ကုန်ကျမည့်ငွေမှာ ထိုင်းဘတ်ငွေ ၆၀၀ ဖြစ်ပြီး လူတစ်ဦးအတွက် ကျန်းမာရေးအာမခံ (၆ လသက်တမ်းအတွက်) ထားရှိရမည့်ငွေမှာ ထိုင်းဘတ်ငွေ ၆၄၀ ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၄ ရက်နေ့အထိ အကျုံးဝင်မည် ဖြစ်သည်။

အလုပ်သမားများ နစ်နာကြေး ရံပုံငွေ

- လူသားများဘဝလုံခြုံရေးရုံး (SSO) မှ ၂၀၁၂ ခုနှစ် မေလ ၃၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်ချက်ကို ထိုင်းနိုင်ငံ မြို့နယ်အုပ်ချုပ်ရေးမှူးများ အားလုံးသို့ ပေးပို့ခဲ့သည်။ ၎င်းထုတ်ပြန်ချက်တွင် နိုင်/စစ်လုပ်ငန်းစဉ် ပြီးမြောက် အောင်မြင်သော ရွှေ့ပြောင်းလုပ်သားများ၏ လူမှုဘဝလုံခြုံရေးကို အလေးထား၍ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် အရ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများနှင့် မကျန်းမာသော ရွှေ့ပြောင်းလုပ်သားများအား ကာကွယ်ပေးမည့် လမ်းညွှန်ချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ထားသည်။

  ၁။ လူသားများဘဝလုံခြုံရေးရုံး၏ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့စွဲပါ ရွှေ့ပြောင်းလုပ်သား များ၏ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများနှင့် မကျန်းမာမှုများအတွက် ကာကွယ်ပေးရေး လမ်းညွှန်ချက်အား ပယ်ဖျက်လိုက်သည်။

  ၂။ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများအား ၁၉၉၄ ခုနှစ် အလုပ်သမား များ နစ်နာကြေးနှင့် လျော်ကြေးဆိုင်ရာအက်ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ပေးသွားမည်။

- ၁၉၉၄ ခုနှစ် အလုပ်သမားများနစ်နာကြေးနှင့် လျော်ကြေးဆိုင်ရာအက်ဥပဒေတွင် အကျုံးဝင်စေရန် ရွှေ့ပြောင်း လုပ်သားများသည် အောက်ပါအချက်အလက်များနှင့် ပြည့်စုံရမည် –

  ၁။ ထိုင်းအာဏာပိုင်များမှ ထုတ်ပေးထားသော မှတ်ပုံတင်ခြင်းနှင့် အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက် အထောက်အထား စာရွက်စာတမ်းများ၊

  ၂။ တရားဝင်နေထိုင်ရန်ခွင့်ပြုချက် (သို့) နိုင်ငံကူးလက်မှတ် (နိုင်/စစ် လုပ်ငန်းစဉ် ပြီးစီးသူများသာ)

- အထက်တွင်ဖော်ပြပြီးသော အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများသည် လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများနှင့် မကျန်းမာမှုဖြစ်ပေါ်လာပါက ၁၉၉၄ ခုနှစ် အလုပ်သမားများ နစ်နာကြေးနှင့် လျော်ကြေးဆိုင်ရာအက်ဥပဒေအရ နစ်နာကြေးပေးရန် အလုပ်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သည်။

ငါးဖမ်းလုပ်ငန်းအတွင်း အလုပ်သမားများအတွက် ညှိနှိုင်းဆောင်ရွက်ရေး ဗဟိုဌာနများ တည်ထောင်ခြင်း

- ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့တွင် လူမှုဖွံ့ဖြိုးရေးနှင့် လူသားဘဝလုံခြုံရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၏ ကြေငြာချက်အရ ဒုဝန်ကြီးချုပ် ချလာမ်ရူဘာမ်ရုမ် (Pol. Capt. Chalerm Yoo-bamrung) ဥက္ကဋ္ဌအဖြစ်ကြီးမှူးကျင်းပသော လူကုန်ကူးမှုနှိမ်နင်းရေးနှင့် ကာကွယ်တားဆီးရေး ကော်မတီ အစည်းအဝေးတွင် ငါးဖမ်းလုပ်သားများ၏ လူကုန်ကူးမှုဆိုင်ရာပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ ငါးဖမ်းလုပ်ငန်းဒေသများအတွင်း လူကုန်ကူးမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၎င်းဒေသများ အတွင်း၌ ညှိနှိုင်းဆောင်ရွက်ရေး ဗဟိုဌာနများ ဖွင့်လှစ်သွားရန် ကော်မတီမှ သဘောတူခဲ့သည်။ ထိုစီမံချက်ဖြင့် နိုင်/စစ် ပြုလုပ်ရန် စောင့်ဆိုင်းနေစဉ်အတွင်း ငါးဖမ်းလှေများပေါ်၌ အလုပ်လုပ်နေကြပြီး ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်ခွင့် ထုတ်ပေးရန်ရှိသော ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းလုပ်သားများအား တရားဝင်အဖြစ် ဆောင်ရွက်ပေးရန် စမွတ်ဆာခွန်း (Samut Sakorn)၊ ရရောင်း (Rayong)၊ တရာတ် (Trad)၊ ချုံးဖွန် (Chumporn)၊ ဆုန်ခလာ (Songkhla)၊ ရနောင်း (Ranong) နှင့် စတွန်း (Satun) ဒေသများတွင် ဗဟိုဌာန (၇) ခု ဖွင့်လှစ်၍ ဆောင်ရွက်သွားမည်ဟု မျှော်မှန်းရသည်။ ကော်မတီအနေဖြင့် ယင်းဆုံးဖြတ်ချက် အား အတည်ပြုနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြပေးသွားမည် ဖြစ်သည်။

http://www.mcot.net/cfcustom/cache_page/389255.html

<u>စာရင်းဇယားများ</u>

ဇယား ၁.၁– ၂၀၁၂ ခုနှစ် ဇွန်လအထိ နားလည်မှုစာချုပ်အရခန့်ထားသော ရွှေ့ပြောင်းလုပ်သားရောက်ရှိမှုစာရင်း

နိုင်ငံသား	လက်ရှိအလုပ်လုပ်ကိုင်ခွင့်နှင့် နိုင်ငံကူးလက်မှတ်ရရှိထားပြီး ရွှေ့ပြောင်းလုပ်သား အရေအတွက်
ကမ္ဘောဒီးယား	၆၅,၉၉၁
လာအို (ပီဒီအာရ်)	၁၇,၈၅၉
မြန်မာ/ဗမာ	၃၃,၆၉၇
စုစုပေါင်း	**၁၁၇,၅၄၇**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။
http://wp.doe.go.th/monthly-statistics

ဇယား ၁.၂– ၂၀၁၂ ခုနှစ် ဇွန်လအထိ နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းလုပ်သားစာရင်း

နိုင်ငံသား	လက်ရှိအလုပ်လုပ်ကိုင်ခွင့်နှင့် နိုင်/စစ် လုပ်ငန်းစဉ်ပြီးစီးသည့် ရွှေ့ပြောင်းလုပ်သား အရေအတွက်
ကမ္ဘောဒီးယား	၇၁,၆၂၄
လာအို	၄၄,၇၈၀
မြန်မာ/ဗမာ	၅၆၇,၁၆၁
စုစုပေါင်း	**၆၈၃,၅၆၅**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။
http://wp.doe.go.th/monthly-statistics

မှတ်ချက်!

ရွှေ့ပြောင်းလုပ်သားများစွာသည် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးနေဆဲ ဖြစ်သောကြောင့် ယာယီအလုပ်လုပ်ကိုင်ခွင့်ရ ရွှေ့ပြောင်းလုပ်သားအရေအတွက်စုစုပေါင်းသည် အလုပ်သမားဝန်ကြီးဌာနမှ နောက်ဆုံးရယူထားသော စာရင်းမဟုတ်သေးပါ။ ထို့ကြောင့် အထက်ပါစာရင်းဇယားတွင် မပါဝင်သေးပါ။ ၎င်းစာရင်းများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဖော်ပြပေးနိုင်မည်ဟု မျှော်မှန်းရပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းလုပ်သား အစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးမှ ထုတ်ဝေပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း– 02-3439300, fax (ဖက်စ်)– 02-3439399, or e-mail: migrantnews@iom.int *သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။*
ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အောက်ပါ အင်တာနက်လိပ်စာတွင် ဖတ်ရှုနိုင်ပါသည်။
http://203.155.51.53/iomthailand/index.php?option=com_docman&task=doc_details&gid=58&Itemid=4